ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၃၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၆၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ၁၉-၉-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ မှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ရွှေ့ပြောင်း ရေလုပ်သားများကိစ္စ ဆွေးနွေးပွဲတက်ရောက်ရန်။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးမောင်မောင်အုန်း၊ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် အစည်းအဝေးတက်ရောက်ရန်။ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဖခင်၏ ရက်လည်ဆွမ်းကျွေး။ ဦးစောမိုးမြင့်၊ ကရင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ပခရီးစဉ်။ ဦးဘော်ရယ်စိုးဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)၊ ဖွံ့ဖြိုးရေးလုပ်ငန်း။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ် ကျော်ကျော်စိုး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးနေအောင်ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးသန်းဇော်ထွန်း၊ တပ်မတော် သား လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးဇာနည်အောင်၊ တပ်မတော် သား လွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်ပခရီးစဉ်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ပြည်ပခရီးစဉ်။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၅)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး က မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ တာဝန်ထမ်းဆောင်နေသည့် ပညာရေး ဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ဆောက်လုပ် ပေးရန် စီစဉ်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ကျိုက်မရောမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်ဇော်ဦး ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်းမှာရှိတဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံသော အခြေခံပညာကျောင်းများ၌ တာဝန်ထမ်းဆောင်နေသည့် ရပ်ဝေးမှ ပညာရေးဝန်ထမ်းများ၏ နေထိုင်ရေးအခက်အခဲနှင့် ကြုံတွေ့နေရမှုအား ပညာရေးဝန်ထမ်းများမှ တောင်းဆိုလာမှုအပေါ် အခြေခံ၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ကျိုက်မရောမြို့သည် ကျေးရွာအုပ်စုပေါင်း(၄၅)စုဖြင့် ဖွဲ့စည်းထားပြီး အတ္ထရံမြစ်၏ အရှေ့ဘက်နှင့် အနောက်ဘက်ကို အခြေခံ၍ တည်ဆောက်ထားသည့် မြို့ဖြစ်ပါတယ်။

ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အချို့ကျေးရွာများမှာ မြို့ပေါ်သို့ နေ့ချင်းပြန်သွားရောက်ရန် အခက်အခဲရှိနေပါသည်။ ထို့အတွက်ကြောင့် ပညာရေးဝန်ထမ်းများသည် ကျေးရွာများတွင်စုပေါင်း၍ လစ်လပ်သောအိမ်များ၌ အခကြေးငွေဖြင့်သော်လည်းကောင်း၊ အကူအညီ ရယူ၍သော်လည်းကောင်း နေထိုင်နေရပါတယ်။ လစ်လပ်သောအိမ်များမှာ တစ်ဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်နေရသော အိမ်များဖြစ်ပြီး ထိုအိမ်ရှင်များပြန်လာပါက ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ အနေဖြင့် နောက်တစ်အိမ်ထပ်မံရှာဖွေ၍ နေရပြန်သည်။ ထိုသို့မကြာခဏ ပြောင်းရွှေ့နေရမှုကြောင့် ပညာရေး ဝန်ထမ်းများမှာ ကျောင်းလုပ်ငန်းများမှတစ်ဖက် အိမ်ဘယ်တော့ ပြောင်းရမလဲဟူသော စိုးရိမ်စိတ်ကို အချိန်ပြည့်ခံစားလာရသည်ဟု တင်ပြလာပါသည်။ ဒါ့အပြင် အမိုးအကာလုံခြုံမှု မရှိသော အိမ်များတွင် တစ်ခါတစ်ရံနေရတဲ့ ဒုက္ခများလည်း ခံစားနေရပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်မရောမြို့နယ်သည် နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော မြို့ဖြစ်ခဲ့ပြီး ကျိုက်မရောမြို့နယ် ကျေးရွာအုပ်စု(၄၅)အုပ်စုအနက် ဝေးလံသောကျေးရွာအုပ်စု (၂၂)အုပ်စုအား ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်ကို သိရှိရပါတယ်ခင်ဗျား။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုကျေးရွာအုပ်စု(၂၂)အုပ်စုအနက်မှ အ.ထ.က ချောင်းနှစ်ခွ၊ အ.ထ.က တရနာ၊ အ.ထ.က(ခွဲ)ကျောင်းများဖြစ်သော တောင်ကလေး၊ ဖာသိမ်၊ ကော့ပနာ၊ ဓမ္မသကျောင်းများတွင်လည်းကောင်း၊ အ.လ.က(ခွဲ)ကျောင်းများဖြစ်သော အလှပ်ကုန်း၊ ကျုံကွယ် ကတုံစိ၊ မီးကသစ်၊ ဝါးပြန်ကုန်းကျောင်းများ၊ မူလွန်ကျောင်းများဖြစ်သော တံတားဦး၊ ကျိုက်တော်ကျောင်း၊ အ.မ.ကကျောင်းများဖြစ်သော မိခွမ်းကျောက်အင်း၊ ဖရဲဖာထော်၊ အရွတ်ချောင်းဖျား၊ ဖာကလန်းအင်း၊ ကြက်မတွန်ကုန်းကျောင်းများတွင် ဝန်ထမ်းအိမ်ယာလိုအပ်ချက်ရှိပါသည် ခင်ဗျား။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ ဝန်ထမ်းအိမ်ရာလိုအပ်လျက်ရှိသော ကျောင်းများအတွက် အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် စတင်ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းနှင့် လိုအပ်သော ဝန်ထမ်းအင်အားအချိုးအရ မည်သည့်

အရွယ်အစားဖြင့် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဗိုလ်ချုပ်သန်းထွင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော် မွန်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး ရဲ့ ကျွန်တော်တို့ မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းများ၌ တာဝန်ထမ်းဆောင်နေတဲ့ ပညာရေးဝန်ထမ်းများရဲ့ နေထိုင်ရေးခက်ခဲနေမှုအား နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ဝန်းထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် မေးခွန်းနဲ့ စပ်လျဉ်း၍ ပြန်လည် ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မွန်ပြည်နယ်အပါအဝင် နယ်စပ်ဒေသအားလုံးရဲ့ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ပဉ္စမကာလတို(၅)နှစ် စီမံကိန်းရေးဆွဲ ချမှတ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း နှစ်စဉ် ခွင့်ပြုပေးလျက်ရှိပါတယ်။ မွန်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်သန်းပေါင်း (၅၀၂၀.၀၇၃)သန်းကို သုံးစွဲကုန်ကျခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မွန်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်(၂၃၄၆.၁၆၆)သန်းကိုလည်း လျာထား ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များက ၎င်းတို့ရဲ့ နယ်မြေအတွင်းမှ လိုအပ်ချက်ရှိသဖြင့် တင်ပြလာမှုအရသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် များရဲ့ တင်ပြလာမှုအရသော်လည်းကောင်း၊ ဝန်ထမ်းအိမ်ရာများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ နှင့်အညီ ခွင့်ပြုရန်ပုံငွေရရှိရန် တင်ပြတောင်းခံပေးလျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ (၄၀x၃၀)ပေ (၅၅)လုံးအတွက် ငွေကျပ်(၁၈၉၀.၆၀၀)သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ (၆)ခန်း တွဲ (၄)ထပ် (၁၁)လုံး၊ အခန်းပေါင်း(၂၆၄)ခန်း ဆောက်လုပ်ရန်အတွက် ငွေကျပ်(၈၂၆၅.၄၀၀)သန်း စုစုပေါင်း ငွေကျပ်သန်းပေါင်း(၁၀၁၅၆.၀၀)သန်းကို ရန်ပုံငွေ ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း သိရှိရ ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး မေးမြန်းတဲ့ မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်အတွင်းရှိတဲ့ အခြေခံပညာကျောင်းများ၌ တာဝန်ထမ်းဆောင်နေတဲ့ ပညာရေးဝန်ထမ်းများ အတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ရေး တင်ပြချက်ဟာ အမှန်တကယ်လိုအပ်ပြီး

အကျိုးရှိနိုင်မှာဖြစ်တဲ့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်း၍ စနစ်တကျကွင်းဆင်း လေ့လာဆန်းစစ်ခြင်း၊ ဆန်းစစ်မှုမှ တွေ့ရှိချက်ပေါ် မူတည်ပြီး အဆိုပါ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်ကိုရယူပြီး ဦးစားပေးအဆင့်သတ်မှတ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့်သော်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်သော်လည်းကောင်း ရန်ပုံငွေတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မန္တလေး - မြင်းခြံ - ပုဂံ - ညောင်ဦး မော်တော်ကားလမ်းပေါ်ရှိ ဆင်တဲဝချောင်းကူး မော်တော်ကားလမ်းတံတား သီးသန့်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁ဝး၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် က မန္တလေး - မြင်းခြံ - ပုဂံ - ညောင်ဦး မော်တော်ကားလမ်းပေါ်ရှိ ဆင်တဲဝချောင်းကူး မော်တော်ကားလမ်း တံတား သီးသန့်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝး၂၁။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မန္တလေး - မြင်းခြံ - ပုဂံ - ညောင်ဦး မော်တော်ကားလမ်းမကြီးဟာ မြင်းခြံ နဲ့ ညောင်ဦးအကြားရှိ ဆင်တဲဝချောင်းကို ဖြတ်ကူးရာမှာ မြန်မာ့မီးရထား၏ မီးရထားသံလမ်းတံတားကို အသုံးပြုနေရသဖြင့် မော်တော်ကားလမ်းတံတားတစ်ခု သီးသန့်တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး - မြင်းခြံ - ပုဂံ - ညောင်ဦး ကားလမ်းမကြီးဟာ ဒေသအတွင်းအတွက်သာမက တစ်နိုင်ငံလုံးအတွက်လည်း အလွန်အရေးပါ အသုံးဝင်လာနေပါတယ်။ ဒီလမ်းမကြီးဟာ မြန်မာ့အထင်ရှားဆုံး ရှေးဟောင်းယဉ်ကျေးမှု မြို့တော်များဖြစ်တဲ့ ပုဂံ-ညောင်ဦးနဲ့ မန္တလေးတို့ကို ဆက်သွယ်ထားတာဖြစ်လို့ နေ့စဉ် ကမ္ဘာလှည့်ခရီးသည် အများအပြား အသုံးပြုရာလမ်းဖြစ်ပါတယ်။ မြန်မာ့ခရီးသွားလုပ်ငန်းအတွက် အရေးပါသော လမ်းတစ်လမ်းဖြစ်လာနေပါတယ်။ ဒါ့အပြင် ချင်းပြည်နယ်၊ မတူပီမြို့၊ မင်းတပ်မြို့၊ မကွေးတိုင်း၊ ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထု၊ ပေါက်၊ မြိုင်၊ ပခုက္ကူ ရေစကြိုစသည့်မြို့များဟာလည်း ဧရာဝတီတံတား ပခုက္ကူကို ဖြတ်ပြီး ဒီ မြင်းခြံ-ပုဂံ-ညောင်ဦး လမ်းမကြီးကို လာရောက်ပေါင်းဆုံပြီး မြန်မာနိုင်ငံအနှံ့ ဆက်သွယ်သွားလာနိုင်ပါတယ်။

ဒါကြောင့် ဒီလမ်းမကြီးကို ပြည်ထောင်စုလမ်းမကြီးတစ်ခုအဖြစ် မှတ်ယူမယ်ဆိုရင်လည်း မမှားပါဘူးခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုပါခင်ဗျား။ ဒါပေမဲ့ ဒီလမ်းမကြီးဟာ မြင်းခြံနဲ့ ညောင်ဦးအကြား ဆင်တဲဝချောင်းကိုဖြတ်ကျော်ရာမှာ မော်တော်ကားလမ်းတံတား မရှိဘဲ မြန်မာ့မီးရထား သံလမ်းတံတားကို ပူးပေါင်းအသုံးပြုနေရပါတယ်။ ဒီတံတားဟာ မီးရထား သံလမ်းတံတားသာဖြစ်ပြီး နောက်မှ မော်တော်ကားလမ်းအတွက်ပါ အသုံးပြုနိုင်အောင် ကတ္တရာခင်း ပြုပြင်ထားတာ ဖြစ်ပါတယ်။ မီးရထားရဲ့ တုန်ခါမှုကြောင့် ကတ္တရာခင်းလမ်းများဟာ မကြာခဏပျက်စီး နေပြီးတော့ မကြာခဏပြုပြင်နေရတဲ့အတွက် နိုင်ငံရဲ့ဘဏ္ဍာငွေများလည်း ကုန်ကျနေရပြီး ခရီးသွား လာမှုမှာလည်း အနှောင့်အယှက် အခက်အခဲဖြစ်စေပါတယ်။

နောက် ဒီတံတားဟာ ကားတစ်စင်းသာ ဝင်ဆန့်တဲ့ အကျယ်ဖြစ်လို့ တစ်ဘက်နဲ့ တစ်ဘက် တစ်လှည့်စီ စောင့်ဆိုင်းသွားလာ နေရသဖြင့် နှောင့်နှေး ကြန့်ကြာမှုများလည်း ကြုံဆုံနေရပါတယ်။ မော်တော်ဆိုင်ကယ်များ ဖြတ်သန်းတဲ့အခါမှာလည်း မော်တော်ဆိုင်ကယ်ဘီးဟာ သံလမ်းအကြားမှာ ညှပ်ပြီး မကြာခဏတိမ်းမှောက် ဒဏ်ရာရလို့ နေ့စဉ်နဲ့အမျှ ဖြစ်နေပါတယ်။ ဒီ ဆင်တဲဝချောင်းကူး မီးရထားတံတားပေါ်ကို နေ့စဉ် မော်တော်ကားအစီးရေ (၇၀၀)ခန့်နဲ့ မော်တော်ဆိုင်ကယ်အစီး (၁၀၀၀)ခန့် ဖြတ်သန်းနေတယ်လို့ ကျွန်တော်စုံစမ်းသိရှိရပါတယ်ခင်ဗျား။ တောင်သာမြို့နယ်၊ မြင်းခြံ မြို့နယ်၊ ပုဂံ၊ ညောင်ဦးမြို့နယ်များအတွင်းရှိ ဒီလမ်းဘေးဝဲ/ယာမှ ကျေးရွာပေါင်း(၂၀၀)ခန့်ဟာလည်း ဒီလမ်းမကြီးကို အားကိုးအသုံးပြုနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် မန္တလေး - မြင်းခြံ - ပုဂံ - ညောင်ဦး ကားလမ်းမကြီးကို အသုံးပြုနေရသော မော်တော်ယာဉ်များ လျင်မြန်လွယ်ကူအန္တရာယ်ကင်းစွာ သွားလာနိုင်ရန်အတွက် ဆင်တဲဝချောင်းကူး မော်တော်ကားလမ်းတံတားတစ်ခု သီးသန့်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ဆင်တဲဝချောင်းတံတား မြင်ကွင်းပုံများ (ယ)



ဆင်တဲဝချောင်းတံတား မြင်ကွင်းပုံများ(ယ-၁)



ဆင်တဲဝချောင်းတံတား မြင်ကွင်းပုံများ(ယ-၂)




**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် မှ မေးမြန်းထားတဲ့ မန္တလေး - မြင်းခြံ - ပုဂံ -

ညောင်ဦး မော်တော်ကားလမ်းမှာ မြင်းခြံနဲ့ညောင်ဦးအကြား ဆင်တဲဝချောင်းကို ဖြတ်ကူးရာမှာ မီးရထားလမ်းတံတားပေါ်မှ ဖြတ်ကူးနေရသဖြင့် မော်တော်ကားလမ်းတံတား သီးသန့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စု လမ်းဖြစ်သော မန္တလေး - မြင်းခြံ - ညောင်ဦး - ပုဂံ မော်တော်ကားလမ်းတွင် မြင်းခြံ - ညောင်ဦးလမ်း အပိုင်းမှာ မြတ်နိုးသူကုမ္ပဏီမှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းအပိုင်းဖြစ် ပါတယ်။ အဆိုပါ မြင်းခြံ-ညောင်ဦးလမ်းအပိုင်း မိုင်တိုင်အမှတ် ၃၃/၀ နဲ့ ၃၃/၁ အကြားမှာရှိတဲ့ ဆင်တဲဝကားတံတားဟာ ခန့်မှန်းအရှည် ပေ(၁၀၀၀)ဖြစ်ပြီးတော့ တည်ဆောက်မယ်ဆိုပါက ခန့်မှန်း ကုန်ကျငွေမှာ ကျပ်သန်း(၂၇၀၀)ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေ ကျပ်သန်း(၁၀၀၀) လျာထား တင်ပြထားပါတယ်။ ပေ(၁၈၀)အထက် တံတားဖြစ်တဲ့အတွက် တံတားတည်ဆောက်မှု နည်း ပညာပိုင်းလိုအပ်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်တွင် စတင်တည်ဆောက်မည်ဖြစ်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက် သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လေသာတောင်တန်းကို သဘာဝဘေးမဲ့တောအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင် က ချင်း ပြည်နယ်၊ တီးတိန်မြို့နယ်၊ လေသာတောင်တန်းကို သဘာဝဘေးမဲ့တောအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ပဏာမ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်မှ မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလို တဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်ရှိ လေသာတောင်တန်းအား သဘာဝ ဘေးမဲ့တော အဖြစ် သတ်မှတ်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ အနောက်ဘက်တောင်တန်းဒေသပေါ်မှာ ရှိပါတယ်။ အဲဒီအနောက်ဘက်တောင်တန်းဒေသရဲ့ သဘာဝသစ်တောများကို မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်ကနေ မိုးလေဝသကောင်းမွန်ရေးအတွက် အားကိုးအားထားရတဲ့ တောင်တန်းကြီးဖြစ်ပါတယ်။ ကျွန်တော်တို့ချင်းပြည်နယ်အတွင်းမှာ အဲဒီ တောင်တန်းပေါ်မှာ တောင်ထိပ်(၂)ခုရှိပါတယ်။ ဝိတိုရိယတောင်ထိပ်နဲ့ ကနေဒီတောင်ထိပ် ဖြစ်ပါတယ်။ ဝိတိုရိယတောင်ထိပ်ကိုတော့ နတ်မတောင် အမျိုးသားဥယျာဉ်ဆိုပြီးမှ အချိန်မီကာကွယ်ထိန်းသိမ်းပြီး ဖြစ်ပါတယ်။ တီးတိန်မြို့နယ်မှာရှိတဲ့ လေသာတောင်တန်းနဲ့ ကနေဒီတောင်ထိပ်ကိုတော့ သဘာဝ မိုးကြိုးလွှဲအဖြစ်သာ နမူနာသတ်မှတ်ခဲ့သော်လည်း သစ်တောပြုန်းတီးမှုကို ယနေ့အထိ ကာကွယ်ထိန်းသိမ်းနိုင်ခြင်းမရှိခဲ့ပါဘူး။ ကျွန်တော်တို့ တီးတိန်မြို့ပေါ် သောက်သုံးရေဟာလည်းပဲ အဲဒီတောင်တန်းပေါ်ကနေ သွယ်ယူတာ ဖြစ်ပါတယ်။

နောက်ဇလွှီးရေအားလျှပ်စစ်အတွက် ဇလွှီးချောင်းလည်းပဲ အဲဒီတောင်တန်းကနေပဲ စီးဆင်းလာတာဖြစ်ပါတယ်။ ယခင်တုန်းက ရေအားလျှပ်စစ်အတွက်ရော၊ သောက်ရေအတွက်ရော လုံလောက်ပေမယ့် အခု သစ်တောတွေပြုန်းတီးလာပြီးမှ ရာသီဥတုဖောက်ပြန်မှုရှိလာတဲ့အခါမှာ မိုးရာသီမှာ မိုးများပြီးမှ မြေပြိုပြီးမှ ရေအားလျှပ်စစ်လည်းမရ၊ ရေလည်းမရ နွေရာသီမှာ ရေထွက်နည်းလာပြီးမှ ရေအားလျှပ်စစ်လည်း မလည်နိုင်၊ သောက်သုံးရေလည်း မလုံလောက်တဲ့အခြေအနေ ဖြစ်နေပါတယ်။ ကျွန်တော်တို့လေသာတောင်တန်းကို အလှဆင်တဲ့ တောင်ဇလပ်ပင်များ၊ ချယ်ရီပင်ကြီးများလည်း ယခုမရှိသလောက်ဖြစ်နေပါတယ်။ ရှိတဲ့ တစ်ပင်စ၊ နှစ်ပင်စပေါ်မှာ ဤသစ်ပင်မခုတ်ရဆိုတဲ့ စာတန်းလေးပဲ ကပ်ထားနေတာကို တွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ NGO အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ လေသာတောင်တန်း စိမ်းလန်းစိုပြည်ရေးဆိုတဲ့ အဖွဲ့ကနေ နှစ်တိုင်း ပျိုးပင်ငယ်လေးတွေကို စိုက်ပျိုးပါတယ်။ စိုက်ပျိုးတော့လည်း အိမ်မွေးတိရိစ္ဆာန်တွေက တက်နင်းတာရယ်၊ နွေရာသီ တောမီးလောင်တာရယ်ကြောင့် စိုက်ပျိုးပင်များ ရှင်သန်အောင် မကာကွယ်နိုင်ခဲ့ပါ။

**ဥက္ကဋ္ဌ။** ။လိုရင်းလေးတွေပြောပါ။

**ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ဤလေသာတောင်တန်းကို သဘာဝဘေးမဲ့ကာကွယ်တောအဖြစ် သတ်မှတ်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လွှစက်(Chain-Saw)များကြောင့် သဘာဝ သစ်တောသယံဇာတများ လုံးဝပြုန်းတီး ပျက်စီးသွားနိုင်သဖြင့် အဆိုပါလွှစက်များအား စနစ်တကျ ထိန်းချုပ်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က လွှစက်(Chain-Saw)များကြောင့် သဘာဝ သစ်တောသယံဇာတများ လုံးဝပြုန်းတီး ပျက်စီးသွားနိုင်သဖြင့်

အဆိုပါလွှစက်များအား စနစ်တကျ ထိန်းချုပ်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးထားတဲ့မေးခွန်းနဲ့ပတ်သက်လို့ အနည်းငယ် ရှင်းလင်းဆွေးနွေးတင်ပြပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Chain Saw လို့ လူသိများနေကြတဲ့ လွှစက်များကို အသုံးပြုပြီး သစ်ပင် တွေခုတ်လှဲမှုကြောင့် သဘာဝသစ်တောများ လျင်မြန်စွာ ပြုန်းတီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ မြောက်ဦးမြို့နယ်အပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးမှာ သဘာဝသစ်တော များမှာရှိနေတဲ့ သစ်ပင်တွေကို အထိန်းအကွပ်မဲ့ ခုတ်ယူနေကြတယ်။ အဲဒီလို ခုတ်ယူနေကြလို့ ဒီ လွှစက်များက ပိုပြီးတော့ အလုပ်ဖြစ်နေကြတာကို တွေ့ရပါတယ်။ လူတစ်ဦးတစ်ယောက်တည်းက သစ်ပင်ကြီးငယ်များကို လွှစက်အရွယ်အစားအမျိုးမျိုးနဲ့ အချိန်တိုအတွင်းမှာ ဖြတ်လှဲခုတ်ချနိုင်ပြီး လိုသလို ခွဲစိတ်ဖြတ်တောက်နိုင်ပါတယ်။

ဒီလွှစက်တွေ သောင်းကျန်းမှုကြောင့် သဘာဝပတ်ဝန်းကျင်သစ်တောများ ပြုန်းတီးသွားတဲ့ အတွက် ဂေဟစနစ်များလည်း ပျက်စီးလာပါတယ်။ အကျိုးဆက်အားဖြင့် ပြောရရင် ရာသီဥတု ဖောက်ပြန်မှု၊ နှစ်စဉ်ရေကြီးရေလျှံမှု၊ မြစ်ကမ်းပါးပြိုကျမှု၊ ရေကြီးမှုကြောင့် စပါးစိုက်ခင်းများပျက်စီးမှု၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးသွားမှုစတဲ့ လူများ ကပ်ဘေးဒုက္ခဆိုက်ရောက်မှုများနှင့် ရင်ဆိုင်လာကြရ ပါတယ်။ အဲဒါကြောင့် အဆိုပါလွှစက်များကို တရားဝင်လိုင်စင်နှင့် ကိုင်ဆောင်ထားတာ မဟုတ်တဲ့ အတွက် အလျှံပယ်ပွားများမှု ရှိနေတာကို ထိန်းချုပ်မှုများ ပြုလုပ်ပေးဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှစက်များကြောင့် သဘာဝပတ်ဝန်းကျင်သစ်တောများ အချိန်တိုအတွင်းမှာ လုံးဝ ပျက်စီးသွားနိုင်သဖြင့် အဆိုပါလွှစက်များအား စနစ်တကျ ထိန်းချုပ်သွားရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာနဲ့ မေးမြန်းအပ်ပါတယ်။ (သြဘာသံများ)

**ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ် အရှေ့ခြမ်းဖြစ်သော မြန်မာ-တရုတ်နယ်စပ် ကျောက်တိုင်အမှတ် ၃၀ - ၃၁ - ၃၅ - ၄၁ များမှ တရားမဝင် သစ်ခိုးထုတ်နေခြင်းနှင့် ဆက်စပ်လျက်ရှိသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ က ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ် အရှေ့ခြမ်း ဖြစ်သော မြန်မာ-တရုတ်နယ်စပ် ကျောက်တိုင်အမှတ် ၃၀ - ၃၁ - ၃၅ - ၄၁ များမှ တရားမဝင် သစ်ခိုးထုတ်နေခြင်းနှင့် ဆက်စပ်လျက်ရှိသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးမင်္ဂလာပါ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား အချိန်လုံလောက်မှုမရှိပါက အနည်းငယ် တိုးမြှင့်ပေးရန် မေတ္တာရပ်ခံလိုပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန်လည်း မေတ္တာရပ်ခံလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျွန်တော်၏ မဲဆန္ဒရှင်များဖြစ်သော ခေါင်လန်ဖူး ဒေသနေ ပြည်သူ့စစ်ခေါင်းဆောင်များနှင့် မည်သည့်ပုဂ္ဂိုလ်ရေးမျှ မရှိကြောင်းကို ရှေးဦးစွာ တင်ပြလိုပါ တယ် ခင်ဗျား။ ပြည်သူ့စစ်တို့ရဲ့ တာဝန်ဝတ္တရားများမှာလည်း ပြည်သူနဲ့တိုင်းပြည်၊ အသက်အိုးအိမ်၊ ဒေသ လုံခြုံမှုတွေကို ကာကွယ်ပေးရန်လို့ ကျွန်တော်ယုံကြည်ပါတယ်။ လွန်ခဲ့တဲ့(၅)နှစ်လောက်မှစ၍ သစ်အလုံးလိုက် နိုင်ငံခြားသို့တင်ပို့ခွင့်လည်း တားမြစ်ခဲ့တယ်လို့သိရသလို ဧရာဝတီမြစ်၊ မြစ်လက်တက် များ၏ တစ်ဖက်တစ်ချက်ပေ(၁၀၀၀)မှာ ရွှေ၊ သတ္တု စသည်များကိုလည်း တူးဖော်ခြင်းကိုတားမြစ်ခဲ့ပါ တယ်။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ (၆)မြို့နယ်အတွင်း ပါဝင်လျက်ရှိသော ခေါင်လန်ဖူးမြို့နယ်၊ အရှေ့ခြမ်းနှင့် တရုတ်သည် နယ်နိမိတ်ထိစပ်လျက်ရှိသော ကျောက်တိုင်အမှတ်၊ ၃၀၊ ၃၁၊ ၃၅ နဲ့ နောင်မွန်မြို့နယ်၊ မခွမ်ဂမ်ကျောက်တိုင်(၄၁)မှ ၎င်းဒေသနေ ပြည်သူ့စစ်များမှာ နှစ်ရှည်လများစွာ ခိုးထုတ် ခဲ့သောသစ်များ၊ သတ္တုများနဲ့ ၂၀၁၄ နောက်ပိုင်းမှာဆိုရင် ပိုမို၍ထုတ်ကာ ဒေသခံများရဲ့ CF သစ်တော များ၊ ကျေးရွာအုပ်စုပိုင် သစ်တောများအထိ ရောင်းစားထုတ်ယူလာသည်သာမက ဒေသခံများအား ပြည်သူ့စစ်များမှ နိုင်ထက်စီးနင်းပြုလုပ်လာခြင်း၊ ရိုက်နှက်ခြင်း၊ အသက်အိုးအိမ်ပစ္စည်းများကို လုယူခြင်း၊ ဖျက်စီးခြင်း များ ပြုလုပ်လာပါသည်။

၂၀၁၅ ခုနှစ်၊ လွှတ်တော် နောက်ဆုံးအချိန် အစည်းအဝေးမှာလည်း နိုင်ငံတော်သမ္မတကြီး ထံနှင့် လွှတ်တော်ဥက္ကဋ္ဌကြီးများထံသို့ ဒေသခံ(၆)ဦးမှ မခံမရပ်ဖြစ်လာသော ဒေသခံများကိုယ်စား တင်ပြခဲ့ပါတယ်။ ထိရောက်စွာအရေးယူမှု မပြုနိုင်ခဲ့သည်သာမက ကျွန်တော်ကလည်း ကြယ်ပွင့်မပြ မေးခွန်းအနေနဲ့ မေးခဲ့သော်လည်း အခြေအနေသည် ပို၍ဆိုးလာသောကြောင့် ဤကြယ်ပွင့်ပြ မေးခွန်း ကို ထပ်ဆင့်မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ ပူတာအိုခရိုင်မြို့မှ လမ်းလျှောက်ပါက ရက်(၂၀) ခရီးနှင်ရခြင်း၊ နယ်စပ်ဒေသ တစ်ကြောင်းမှာဆိုရင်လည်း ဒီ MPT သုံးပေမယ့် ခေါင်လန်ဖူးရဲ့ မြို့ပတ်လည် (၃)မိုင်မှာပဲ ဆက်သွယ်ရေးရတာဖြစ်ပါတယ်။ ဒါကြောင့် ဆက်သွယ်ရေး၊ မီဒီယာကွန်ရက်၊ လမ်းပန်း ဆက်သွယ်ရေးမရှိ၊ နားပိတ်၊ မျက်စိပိတ်ခံရတဲ့ အစားဆင်းရဲ၊ အနေဆင်းရဲတဲ့ ချောင်ပိတ်ခံရတဲ့ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။


မနှစ်က နေပြည်တော်သို့ လာရောက်တင်ပြခဲ့တဲ့ အဆိုပါ(၆)ဦးကိုပါ ပြည်သူ့စစ် ခေါင်းဆောင်ထဲမှ တရားရေးတာဝန်ခံဖြစ်တဲ့ ဦးလီဂျေယာမှ “(၆)ဦးကို ဖြောင်လိုက်လျှင် ပိုကောင်း သလား။ လမ်းဖွင့်လာလျှင် ပို၍ကောင်းသလား”ဟု မဟုတ်မမှန် ဝါဒဖြန့်ခဲ့ပါတယ်။ ငတ်မွတ်ဘေး ကြုံတဲ့ အချိန်မှာလည်း ကူညီရမယ့်အစား နိုင်ငံတော်နှင့် စေတနာရှင်များ ထောက်ပံ့တဲ့ရိက္ခာကို ပိတ်ပင်တား ဆီးခဲ့တာတွေ တွေ့ရပါတယ်။ ဒေသခံ(၆)ဦးကို လုပ်ကြံရန် စီစဉ်နေခြင်းတို့ကြောင့်လည်း ဒေသခံများ

သည် (၁၆)နှစ်နီးပါး သစ်များခိုးထုတ်လျက်ရှိသည့် ပြည်သူ့စစ်အပေါ် မည်သို့မျှ လက်ခံနိုင်ခြင်း မရှိတော့ဘဲ တင်းမာမှုကြီးထွားလာခြင်း ဖြစ်ပါတယ်။

ဇင်းပြည်သူ့စစ်ဦးဆောင်သော ခေါင်းဆောင်တို့သည် ယခင် NDAK, National Democratic Army ကချင်၊ အခုဆိုရင် BGF ဖြစ်သွားပါပြီ။ အနေဖြင့်သော်လည်းကောင်း၊ နှစ်(၂၀၀၀)လောက်မှစ၍ တာဝန်ယူခဲ့ပါတယ်။ ယနေ့တိုင် တောင်ထိပ်လမ်းတွေဖောက်ပြီးမှ သစ်ခိုး ထုတ်နေဆဲဖြစ်ပါတယ်။ အခု နောက်ပိုင်းမှာဆိုရင် သကဆဖ အမည်၊ နောက်ပိုင်းတော့ ခေါင်လန်ဖူး ဌာနေ ပြည်သူ့စစ်အမည်၊ ဌာနေပြည်သူ့စစ်အနေနဲ့ ဆက်လက်ပြီးမှ သူတို့ပဲ ထုတ်လုပ်နေတာ ဖြစ်ပါတယ်။ တန်ဖိုးမြင့်ရတနာတန်း မျိုးသုဉ်းနီးပါးဖြစ်ပြီဖြစ်တဲ့ ကမ္ဘာဦးသစ်လို့ခေါ်ပါတယ်။ အစောက ပြည်ထောင်စုဝန်ကြီးဆီကနေ ကြားရတာကတော့ YUE TREE လို့ခေါ်ပါတယ်။ သစ်မင်း ဘုရင်လို့ ခေါ်ပါတယ်၊ အခေါင်းသစ်၊ ကျောက်ထင်းရှူး၊ စကားဝါသား စသည့်သစ်များကို ဥဒဟို ခိုးထုတ်လာပါသဖြင့် ဒေသခံပြည်သူများမှ တားဆီးနိုင်ခြင်း မရှိပါ။

ပြီးတော့ ဧရာဝတီမြစ်ဖျားခံ၊ ရေအရင်းအမြစ် ရေဝေရေလဲနေရာ ဖြစ်ခြင်းကြောင့်သော် လည်းကောင်း၊ နိုင်ငံတော်၏ ပြည်သူပိုင်သယံဇာတများ အလဟဿ မဆုံးရှုံးစေရန် ဒေသခံများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုပါ ပါဝင်ကူညီပေးမှုမရှိဘဲ ဇင်းပြည်သူ့စစ်သည် တရုတ်သစ်မှောင်ခို ကုမ္ပဏီများ ဖြစ်သော သစိုး၊ နမ်ဖားကစ်ဝမ်၊ ကမ်ဖော၊ အားကန်၊ အားဝ၊ အားစီ၊ လီးလီ၊ ယာချင်းခွာ၊ အာကြွေ၊ တရှိုးရ၊ တကွမ်း စသည့် ကုမ္ပဏီများနှင့်သာ ဝိသမလောဘဖြင့် သစ်သယံဇာတကို ပူးပေါင်းခိုးထုတ် နေမှုတို့အား ကာကွယ်နိုင်ရန်သော်လည်းကောင်း၊ ယခုနှစ်ထက်ပိုဆိုးဝါးသော အယ်လ်နီညို၊ လာနီညာ၊ ရေကြီးရေလျှံ၊ မြေပြို၊ ကမ်းပြို၊ ငလျင်ဒဏ်များနှင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင် ကာကွယ်ရန် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ် အရှေ့ခြမ်းဖြစ်သော မြန်မာ-တရုတ်နယ်စပ် ကျောက်တိုင်အမှတ်၊ ၃၀၊ ၃၁၊ ၃၅၊ ၄၁ များမှ တရားမဝင် သစ်ခိုးထုတ်နေခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံများကိုယ်စား လေးစားစွာ မေးမြန်း အပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

ခေါင်လန်ဖူးဒေသ ကျောက်တိုင်အမှတ် ၃၀၊ ၃၁၊ ၃၅ နှင့် နောင်မွန်မြို့နယ် ကျောက်တိုင်အမှတ် ၄၁ ပြမြေပုံ (ရ)






လူတစ်ရပ်ကျော်ရှိသော အဖိုးတန်ရှားပါး သစ်လုံးကြီးများ နှင့် တရုတ်သစ်မှောင်ခို ကုမ္ပဏီများအား သွားရောက်တားဆီးခဲ့စဉ် မြင်ကွင်းပုံများ (ရ-၁)











ခေါင်လန်ဖူးဒေသတွင် သစ်များပြုန်းတီးခြင်းနှင့် ရာသီဥတုဖောက်ပြန်လာနေမှုများ မြင်ကွင်းပုံ(ရ-၂)









**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်များ၊ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ပထမဆုံးမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ် တီးတိန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် ရဲ့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်အတွင်းမှာရှိတဲ့ လေသာတောင်တန်း ဒေသကို သဘာဝဘေးမဲ့တောအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းပြီးတော့ ကြယ်ပွင့် ပြမေးခွန်း ကျွန်တော် ပထမဆုံး ဖြေကြားသွားမှာဖြစ်ပါတယ်။

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်အတွင်းမှာရှိတဲ့ လေသာတောင်တန်းဒေသဟာ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ အဆိုပြုသတ်မှတ်ဖွဲ့စည်းမည့် သဘာဝနယ်မြေ များ အစီအစဉ်မှာတော့ လောလောဆယ်မှာတော့ မပါရှိသေးပါဘူး။ သို့သော်လည်းပဲ အရေးကြီးတဲ့ ဇီဝမျိုးစုံ၊ မျိုးကွဲနယ် (Key Biodiversity Area - KBA) တစ်ခု စာရင်းမှာပါဝင်နေတဲ့အတွက် ပွင့်လင်း

ရာသီမှာ ကွင်းဆင်းတိုင်းတာရေးများဆောင်ရွက်ပြီး သဘာဝနယ်မြေဖွဲ့စည်းနိုင်မယ့် အလားအလာများ အပေါ် သုံးသပ်ပြီးတော့ အဆိုပြုသတ်မှတ်ဖွဲ့စည်းမယ့် သဘာဝနယ်မြေအစီအစဥ်မှာ ထပ်မံထည့်သွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဏာမဖြေကြားအပ်ပါတယ်။

ကျွန်တော်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ဒီဟာကတော့ ကျွန်တော်တို့ မြန်မာ ပြည်တစ်ပြည်လုံးမှာရှိတဲ့ ကျွန်တော်တို့ ကြိုးဝိုင်း၊ ကြိုးပြင်နဲ့ သဘာဝနယ်မြေများပြသခြင်း ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ သစ်တောကြိုးဝိုင်း(၁၈)ခု၊ ဧရိယာ(၃၈၇၅၈၈)ဧက၊ ကြိုးပြင်ကာကွယ်တော(၁၅)ခု၊ ဧရိယာ(၅၈၈၆၀၀)ဧကနဲ့ သဘာဝနယ်မြေ(၂)ခု၊ ဧရိယာ(၂၀၈၄၇၄)တို့ ပါဝင်ပြီးတော့ သစ်တော နယ်မြေနဲ့ သဘာဝနယ်မြေ စုစုပေါင်းကတော့ (၁,၄၅၄,၆၆၂)ရှိပါတယ်။ အဲဒီတော့ ချင်းပြည်နယ်ရဲ့ ဧရိယာရဲ့(၁၆.၂၀)ရာခိုင်နှုန်းခန့်ရှိပါတယ်။ ချင်းပြည်နယ်မှာ သစ်တောနယ်မြေဖြစ်တဲ့ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနဲ့ သဘာဝနယ်မြေအဖြစ် ထည့်သွင်းသတ်မှတ်ခြင်း မရှိသေးတဲ့ သစ်တော ဖုံးလွှမ်းမှုကောင်းတဲ့ နယ်မြေများစွာ ကျန်ရှိပါသေးတယ်။ ချင်းပြည်နယ်ရဲ့ သစ်တောဖုံးလွှမ်းမှု ဧရိယာ ဟာ (၆၁.၉၅)ရာခိုင်နှုန်း ရှိပါတယ်။

၂၀၁၇-၂၀၁၈ ခုနှစ်ကနေပြီးတော့ ၂၀၂၆-၂၀၂၇ ကာလအထိ ရေးဆွဲထားတဲ့ ချင်းပြည်နယ် ရဲ့ သစ်တောများ ပြန်လည်ထူထောင်ခြင်းဆိုင်ရာ (၁၀)နှစ်စီမံကိန်းမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ တီးတိန်မြို့နယ်အတွင်းမှာရှိတဲ့ ကနေဒီတောင်လို့ခေါ်တဲ့ လေသာတောင်ဟာ ၂၀၁၇- ၂၀၁၈ အတွင်းမှာ ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းရန် ကျွန်တော်တို့ ထည့်သွင်းရေးဆွဲပြီး ဖြစ်ပါ တယ်။ ၂၀၁၆ မိုးရာသီမှာ ကနေဒီတောင်မှာ သစ်တောဦးစီးဌာနနဲ့ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ NGO များ၊ ဒေသခံများနဲ့ ပေါင်းပြီးတော့ တောင်ဇလပ်ပင်(၃၀၀)ပင်၊ ချယ်ရီပင်(၃၀၀)ပင် တို့ကို တစ်အုပ်တစ်မ ဖြည့်စွက်စိုက်ပျိုးထားတာဖြစ်ပါတယ်။ လေသာတောင်လို့ခေါ်တဲ့ ကနေဒီတောင် ဟာ မိုးသစ်တောကြိုးဝိုင်းအဖြစ် ထင်ရှားပြီးတော့ (၄၁)စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ မှတ်တမ်းများ အရ အဲဒီပတ်ဝန်းကျင်မှာ လုံးဝကာကွယ်ထားတဲ့ တောင်ဆိတ်၊ စပါးကြီးမြွေ၊ ရစ်စတဲ့ တောရိုင်း တိရိစ္ဆာန်များအပြင် ဂျီ၊ တောခွေး၊ တောဝက်၊ ခွေးတူဝက်တူ၊ မြွေစိမ်း၊ လည်ပင်းနီမြွေ၊ ခါငှက်စတဲ့ တောရိုင်းတိရိစ္ဆာန်များလည်း ကျက်စားပြီးတော့ တောင်ဇလပ်နီ၊ တောင်ဇလပ်ဖြူ၊ ထင်းရှူး၊ သစ်အယ်၊ စကပ်၊ စကားဝါ၊ မိုင်းဘော၊ ယမနေ၊ ဘုံမဲဇာ၊ သစ်ပုဂံ၊ ကတွတ်၊ တောင်သဖန်း၊ တောင်တမာ စတဲ့ သစ်မျိုးစုံ ပေါက်ရောက်နေတဲ့ အတွက်ကြောင့်မို့လို့ ဇီဝမျိုးစုံမျိုးကွဲများ အလွန်ပေါကြွယ်ဝစွာ တွေ့ရ တဲ့ ဒေသဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ တီးတိန် မြို့နယ်၊ လေသာတောင်တန်းကို သဘာဝဘေးမဲ့သစ်တောအဖြစ် သတ်မှတ်ပေးရန် အစီအစဥ် ရှိ/မရှိ စပ်လျဥ်းပြီးတော့ အဆိုပါတောင်တန်းရဲ့ ဂေဟစနစ်များနဲ့ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည် တည်တံ့ရေး ထိန်းသိမ်းကာကွယ်ရန် ကနေဒီတောင်(ခ) လေသာတောင်ကို တောရိုင်းတိရိစ္ဆာန်နဲ့ သဘာဝအပင် များ ကာကွယ်ရေးနဲ့ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ သဘာဝနယ်မြေ အမျိုးအစား တစ်ခုအဖြစ်သို့ ဖွဲ့စည်းသတ်မှတ်ရေးအတွက် ယခုလာမယ့် ပွင့်လင်းရာသီမှာ ကွင်းဆင်းတိုင်းတာရေး ဆောင်ရွက်ပြီး ယင်းဒေသပတ်ဝန်းကျင်မှာ မှီတင်းနေထိုင်ကြတဲ့ ဒေသခံပြည်သူများနဲ့ ပူးပေါင်းမှုနဲ့ ၎င်းတို့၏ သဘောထားဆန္ဒ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်ကို ရယူပြီးတော့

ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပြုသတ်မှတ်ဖွဲ့စည်းမယ့် သဘာဝ နယ်မြေ အစီအစဉ်ထဲမှာ ထပ်မံ ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်မြို့နယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်ရဲ့ လွှစက် (Chain-Saw)များကြောင့် သဘာဝသစ်တောသယံဇာတများ လုံးဝပြုန်းတီး ပျက်စီးသွားနိုင်သဖြင့် အဆိုပါလွှစက်များအား စနစ်တကျထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိနဲ့ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်းကိုကျွန်တော် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ပြီး တော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနေရာအနှံ့အပြားမှာ လက်ကိုင်လွှစက်(Chain-Saw) များဟာ အသုံးပြုပြီးတော့ တရားမဝင်သစ်ခိုးမှုများဟာ သစ်တောပြုန်းတီးမှုရဲ့ အဓိက တစ်ခုဖြစ်နေ ကြောင်း လက်ကိုင်စက်လွှများကို ထိန်းချုပ်ရန်လိုအပ်ကြောင်းကို စိစစ်တွေ့ရှိရတဲ့အတွက်ကြောင့် မိုလို့ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၀ နဲ့ ၁၉၉၅ ခုနှစ်၊ သစ်တောနည်းဥပဒေပုဒ်မ ၂ (ဆ)နဲ့ ပုဒ်မ ၉၀(က)ပါ ပြဋ္ဌာန်းချက်များအရ လက်ကိုင်စက်လွှများ ခွင့်ပြုချက်ရယူ ကိုင်ဆောင်သူများမှာ လိုက်နာ ရမည့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့သဘောတူညီချက်နဲ့ ဒိဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၆ ရက် နေ့စွဲပါအမိန့်ကြော်ငြာစာ အမှတ်၂၉/၂၀၁၃ နဲ့ သတ်မှတ်ခဲ့ပါတယ်။

Power Point တင်ပြခွင့်ပြုပါခင်ဗျား။ အဲဒီ ကျွန်တော်တို့ အမိန့်ကြော်ငြာစာမှာ လက်ကိုင် စက်လွှပိုင်ကိုင်ဆောင်သူများအနေနှင့် လျှောက်ထားရမည့်စည်းကမ်းများ၊ လိုက်နာရမည့် စည်းကမ်း များ၊ လိုင်စင်သက်တမ်းခွင့်ပြုကာလ၊ ပေးဆောင်ရမည့် အခွန်တော်နဲ့ ခွင့်ပြုမိန့်မရှိဘဲ တရားမဝင် လက်ကိုင်စက်လွှကိုင်ဆောင်အသုံးပြုသူများအနေဖြင့် အရေးယူခံရမယ့် ဥပဒေများ ပါ ပါတယ်။ အမိန့် ကြော်ငြာစာအရ ကြော်ငြာစာပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိခြင်း၊ ဖောက်ပျက်ကျူးလွန် ခြင်းအတွက် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ(ဇ)အရ ငွေဒဏ် (၅၀၀၀)ကျပ် အထိ ဖြစ်စေ၊ ထောင်ဒဏ် (၆)လအထိဖြစ်စေ၊ နှစ်ရပ်စလုံးဖြစ်စေ၊ ခွင့်ပြုမိန့်မရှိဘဲ လက်ကိုင်စက်လွှ တရားမဝင် ကိုင်ဆောင်ခြင်းအတွက် သစ်တောဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ(ဂ)အရ ငွေဒဏ် (၂၀၀၀၀) ကျပ် ဖြစ်စေ၊ ထောင်ဒဏ်(၂)နှစ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေအရေးယူ ဆောင်ရွက်ရန် ပြဋ္ဌာန်းထား ပါတယ်။ လက်ကိုင်စက်လွှ(Chain Saw) များနဲ့ ပတ်သက်ပြီးတော့ လိုက်နာရမယ့် စည်းကမ်းချက် များနဲ့ သတ်မှတ်ထားတဲ့ အမိန့်ကြော်ငြာစာများကို ကျွန်တော်တို့ အများပြည်သူများ သိရှိနိုင်ရန် ၂၉/၂၀၁၃ နဲ့ ကြေညာချက်ကိုတော့ ကြေးမုံသတင်းစာ၊ မြန်မာ့အလင်း သတင်းစာမှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှာ ဖော်ပြထားပါတယ်။

လက်ကိုင်စက်လွှများ ထိန်းချုပ်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်ပြီးသည့်နောက် တရားမဝင် လက်ကိုင်စက်လွှများကို ဖမ်းဆီးအရေးယူ ဆောင်ရွက်ရာမှာ ၂၀၁၃-၂၀၁၄မှာ ကပြီးတော့ ၂၀၁၅-၂၀၁၆ အထိ ကျွန်တော်တို့ လက်ကိုင်စက်လွှပေါင်း (၅၆၆)နဲ့ ၂၀၁၆-၂၀၁၇ ဩဂုတ်လအထိ မှာတော့ လက်ကိုင်စက်လွှပေါင်း (၁၅၀)လက်နဲ့ စုစုပေါင်း(၇၁၆)လက်ကိုတော့ ဖမ်းဆီးပြီးတော့ တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ပင်လယ်ရေကြောင်း ဆိပ်ကမ်းမှ တစ်ဆင့် ပုံမှန်ကုန်သွယ်ရေးနည်းလမ်းနဲ့ နယ်စပ်ကုန်သွယ်ရေးနည်းလမ်းနဲ့ လက်ကိုင်စက်လွှများကို

တင်သွင်းခြင်းနှင့် ပတ်သက်ပြီးတော့ ကုန်သွယ်ရေးဦးစီးဌာနကနေပြီးတော့ သွင်းကုန်လိုင်စင်ထုတ်ပေးတဲ့နေရာမှာ သစ်တောဦးစီးဌာနရဲ့ ထောက်ခံချက်ရယူ ဆောင်ရွက်ပေးပါရန်ဆိုပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပြီး ဉာဏ်ကြီးဌာနကနေပြီးတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဌာနဝန်ကြီးဌာနကို ၂၀၁၆ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှာ ရက်စွဲပါစာအမှတ်နဲ့ ညှိနှိုင်းပြီးတော့ ပေါင်းစပ်ထိန်းချုပ်စီမံဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိပြည်တွင်းသို့ တင်သွင်းရောက်ရှိနေတဲ့ လက်ကိုင်စက်လွှများနဲ့ ထပ်မံတင်သွင်းလာတဲ့ လက်ကိုင်စက်လွှများကို ဖြန့်ဖြူးရောင်းချခြင်းကို ထိန်းချုပ်နိုင်မှု အတွက်ကတော့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများမှ ပေါင်းစပ်ထိန်းချုပ် ဆောင်ရွက်ပေးပါရန် ဉာဏ်ကြီးဌာနကနေပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက် နေ့စွဲပါစာအမှတ် ၄၂၉/၂၃၈-စက်လွှ/ဒ-၁/အဖရ(၂၀၁၆)နဲ့ သစ်တောဦးစီးဌာနမှ လစဉ်စစ်ဆေးရာတွင် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးပါရန်နှင့် ညွှန်ကြားချက် ထုတ်ပြန်ပေးပါရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများထံ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ တရားမဝင်သစ်ခုတ်လှဲ ခိုးယူမှုများကို ထိရောက်စွာ ကာကွယ်ရန်အတွက် လက်ကိုင်စက်လွှများ တင်သွင်းခြင်းကို ကြပ်မတ်ထိန်းချုပ်ပြီး ဖြန့်ဖြူးရောင်းချရာမှာ တရားဝင်သစ်ထုတ်ကုမ္ပဏီ၊ တရားမဝင်သစ် အခြေခံစက်မှုလုပ်ငန်း ကိုင်ဆောင်သူ၊ လုပ်ကိုင်သူ ကိုင်ဆောင်ရန်လိုအပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက်သာ ဝယ်ယူခွင့်ပြုသူကို သစ်တောဦးစီးဌာနအနေနဲ့ စိစစ်ပါတယ်။ စိစစ်ပြီးတော့ အရောင်းဆိုင်များကိုလည်းပဲ အကြောင်းကြား ထိန်းချုပ်ဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများထံ သစ်တောဦးစီးဌာနမှ တင်ပြပြီးတော့ ဆက်စပ်ဌာနများဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့ မြန်မာ့သစ်လုပ်ငန်းတို့နဲ့ သစ်တောဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ခရိုင်နဲ့ မြို့နယ်အဆင့် လက်ကိုင်စက်လွှ စစ်ဆေးကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ စစ်ဆေးကြီးကြပ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

နောက်ဆုံးမေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူ ရဲ့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ် အရှေ့ခြမ်းဖြစ်တဲ့ မြန်မာ-တရုတ်နယ်စပ် ကျောက်တိုင်အမှတ် ၃၀၊ ၃၁ ၊ ၃၅ ၊ ၄၁ များမှာ တရားမဝင် သစ်ခိုးထုတ်နေခြင်းကို နေပြည်တော်မှ အထူးစုံစမ်းရေးအဖွဲ့နှင့် ပြည်နယ်အစိုးရမှ ပူးပေါင်းစစ်ဆေးရေးအဖွဲ့နဲ့ စစ်ဆေးအရေးယူရန် အစီအစဉ် ရှိ/ မရှိ  တရုတ် မှောင်ခိုသမားများနှင့် တာဝန်ရှိ ပြည်သူ့စစ်ခေါင်းဆောင်အချို့ကို နိုင်ငံတော်မှ မည်ကဲ့သို့ စစ်ဆေးအရေးယူရန် အစီအစဉ် ရှိ/မရှိနှင့် တရုတ်သစ်မှောင်ခိုများကယာဉ်တန်းများဖြင့် သစ်များ သယ်ထုတ်လျက်ရှိရာ ယာဉ်ဝင်/ယာဉ်ထွက် စာရင်းများနှင့် ဘဏ္ဍာဝင်ငွေအခွန်များ မည်ကဲ့သို့ ကောက်ခံလျက်ရှိကြောင်းကို သိလိုခြင်းနှင့် စပ်လျဉ်းပြီးတော့ ကြယ်ပွင့်ပြမေးခွန်းကို ပြည်ထဲရေးဌာန ကချင်ပြည်နယ်အစိုးရနှင့်ပေါင်းစပ်ပြီးတော့ ကျွန်တော် ညှိနှိုင်းဖြေကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ် အရှေ့ဘက်ခြမ်းမှာရှိတဲ့ မြန်မာ-တရုတ်နယ်စပ်ကျောက်တိုင်အမှတ် ၃၀၊ ၃၁၊ ၃၅၊ ၄၁ များမှ တရုတ်နိုင်ငံကို တရားမဝင် သစ်ခိုးထုတ်နေတဲ့ သယ်ဆောင်မှုနဲ့ ပတ်သက်ပြီးတော့ အဆိုပါနယ်မြေဟာ ဌာနေပြည်သူ့စစ်ကိုယ်စားလှယ် လက်နက်ကိုင်တပ်ဖွဲ့များ လှုပ်ရှားလျက်ရှိပြီးတော့ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေး ကန့်သတ်ချက်ရှိတဲ့ နယ်မြေဖြစ်တဲ့အပြင် လမ်းပန်းဆက်သွယ်ရေး ဝေးလံခေါင်ဖျားတဲ့ နယ်စပ်ဒေသများဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ လုံခြုံရေး အပြည့်အဝယူပြီးမှသာ ရှာဖွေဖမ်းဆီးရေးဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

အဆိုပါနေရာများကို ရှာဖွေဖမ်းဆီးရေးအတွက် ကချင်ပြည်နယ်အစိုးရမှ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ညှိနှိုင်းခဲ့မှုအရ တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးမှုနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံ မြန်မာ့သစ်လုပ်ငန်းနဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့ ရှာဖွေဖမ်းဆီးနိုင်ရေးစီမံချက်များကို ရေးဆွဲပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ကျွန်တော် Power Point တင်ပြခွင့်ပြုပါ။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကနေပြီးတော့ သစ်တောဦးစီးဌာနအနေနဲ့ ကချင်ပြည်နယ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နဲ့ ပူးပေါင်းပြီးတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ တရားမဝင် သစ်စုစုပေါင်းကိုတော့ ကျွန်တော်တို့အားလုံး(၂၆၂၃၃.၂၇၇၂) တန်ကို တရားခံနိုင်ငံသား (၈၆၁)ဦး၊ နိုင်ငံခြားသား(၁၇၆)ဦး၊ ယာဉ်/ယန္တရား (၁၅၉၈) စီးနဲ့အတူ ဖမ်းဆီးရရှိခဲ့ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဧပြီလကနေပြီးတော့ ဩဂုတ်လအကုန်မှာတော့ ကချင်ပြည်နယ်အတွင်းမှာ တရားမဝင် သစ်စုစုပေါင်း (၁၉၃၉.၈၆၁၃)တန်ကို တရားခံနိုင်ငံသား (၁၁၇)ဦး၊ ယာဉ်/ယန္တရား(၁၀၄) စီးနဲ့အတူ ဖမ်းဆီးရရှိခဲ့ပါတယ်။

အဲဒီဖမ်းဆီးမှုများအနက် ၂၆-၃-၂၀၁၆ ခုနှစ်မှာ ခမရ(၃၈၂)မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး စိုးမင်းထက် ဦးစီးတဲ့ တပ်မတော်စစ်ကြောင်းဖြင့် မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ မလိယန်စခန်းအနီး တရားမဝင်သစ်မျိုးစုံ(၅၃၅)လုံး၊ တန်အားဖြင့်(၂၆၈.၉၉၂)တန်နှင့်အတူ ယာဉ်(၃၃)စီး၊ ၆-၆-၂၀၁၆ ရက်နေ့မှာတော့ ခမရ(၃၁၉)တပ်မတော်စစ်ကြောင်းနဲ့ မန်စီမြို့နယ်၊ မိုင်းခေါင်ကျေးရွာတောင်ဘက်မှာ တရားမဝင် သစ်မျိုးစုံစုစုပေါင်း (၃၃၈၇)လုံး၊ တန်အားဖြင့် (၂၀၅.၃၅၁၈)တန်နဲ့ ယာဉ် (၂၆)စီးကို ဖမ်းဆီးရမိခဲ့ပါတယ်။

ကချင်ပြည်နယ်မှာ တရုတ်နိုင်ငံနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ မြို့နယ်များအနေနဲ့ ရာသီဥတုဆိုးရွားမှုနဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် နယ်စပ်ဒေသများမှာ တရားမဝင်သစ်ခုတ်ခြင်း၊ နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းများ မရှိရေးအတွက် ဆောင်ရွက်ရာမှာ အခက်အခဲများရှိသော်လည်း တရားမဝင် သစ်ခိုးထုတ်မှုများ မရှိစေရန်အတွက် တပ်မတော်စစ်ကြောင်းများမှလည်း နယ်မြေများ၊ နယ်မြေလှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ ဒေသခံဌာနေ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား တရားမဝင် မလုပ်ကိုင်စေရေး တာဝန်ရှိသူများမှ ကြပ်မတ်ခြင်း၊ တရားမဝင် သစ်ခိုးထုတ်ခြင်း၊ နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းများ မရှိစေရန်ကို ဒေသခံပြည်သူများထံ သတင်းစုံစမ်းခြင်း၊ သတင်းရရှိပါကလည်း

တပ်မတော်၊ နယ်မြေခံရဲတပ်ဖွဲ့နဲ့ သစ်တောဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းပြီးတော့ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အလေးထားကြပ်မတ်ဆောင်ရွက်လျက် ရှိပါတယ်။

စကားဝါနှင့် ထင်းရှူးသစ် စုစုပေါင်း(၁၉၂)လုံး၊ တန်အားဖြင့် (၁ဝ၈.၈၉၆) တန် ဖမ်းဆီးရရှိမှုနဲ့ ပတ်သက်ပြီးတော့ ခေါင်လန်ဖူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးအတွက် အဆိုပါသစ်လုံးများအား ဝယ်ယူသုံးစွဲခွင့်ပြုပါရန် တင်ပြလာမှုအပေါ် စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ တရားမဝင် ဒီနေရာမှာ ကျွန်တော်ဖြည့်စွက်ပြီးတော့ တင်ပြချင်တာက ကိုယ်စားလှယ်တော်ကြီး ဦးဂျေယောဝူရဲ့ စာကိုရရှိတဲ့နေ့ ကျွန်တော့်ဆီကို ရရှိတဲ့ နေ့ကနေပြီးတော့ ပြည်နယ် ကချင်ပြည်နယ်၊ သစ်တောညွှန်ကြားရေးမှူးကို ကျွန်တော် ချက်ချင်းအကြောင်းကြားပါတယ်။ အကြောင်းကြားချက်အရ ၂-၉-၂ဝ၁၆ မှာ ကျွန်တော်တို့ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိအပါအဝင်  ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ(၁ဝ)ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာမှ(၆)ဦးက ကျွန်တော်တို့ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိအပါအဝင် (၉)ဦးပေါ့၊ စုစုပေါင်း(၂၅)ဦးနဲ့ ကျွန်တော်တို့ ၁၅-၉-၂ဝ၁၆ ကနေပြီးတော့ ၁၆-၉-၂ဝ၁၆ ပြီးခဲ့တဲ့ (၂)ရက် (၃)ရက်အတွင်းမှာပဲ တရားမဝင် ထင်းရှူးသစ် (၁ဝ၅၁) လုံး၊ တန်အားဖြင့် (၅ဝ၂.၉၉ဝ၂)တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရရှိခဲ့ပါတယ်။ ဒီအတိုင်းပဲ ၁၇ ရက် နေ့မှာလည်းပဲ ကျွန်တော်တို့ ဒီလ ၁၇ ရက်နေ့ကလည်းပဲ နယ်စပ်ကျောက်တိုင်အမှတ် ၃၁ မှာ ကျွန်တော်တို့ သွားရောက်ပြီးတော့ နယ်မြေရှင်းလင်းခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ၁၈-၉-၂ဝ၁၆  ပြီးခဲ့တဲ့နေ့က မနေ့က ကျွန်တော် ကချင်ပြည်နယ်မှာ ရှိပါတယ်။ ရှိုင်းတောင်ကျေးရွာမှာနဲ့ ဇီးထန်ကျေးရွာမှတစ်ဆင့် ဆိုပြီးတော့ နယ်စပ်ကျောက်တိုင်အမှတ် ၃၅ အထိကို ကျွန်တော်တို့ ခုနက တင်ပြထားတဲ့ အင်အားများနဲ့ စုပေါင်းပြီးတော့ နယ်မြေရှင်းလင်းခြင်းကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ဒီ ထင်းရှူးဟာဖြင့် အင်မတန်မှ အဖိုးတန်ပါတယ်။ ယူးထင်းရှူးလို့ခေါ်ပါတယ်။ ၂ဝဝ၃ ခုနှစ်ကတည်းကစပြီး ကျွန်တော်တို့ သစ်တောဦးစီးဌာနကနေပြီးတော့ တားမြစ်ရာပါ သစ်အဖြစ် ကျွန်တော်တို့ ဒါ ထုတ်ပြန်ကြေညာခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သူ့ကို အရေးယူတဲ့နေရာမှာ ကျွန်းအရေးယူတာနဲ့ အတူတူဖြစ်ပါတယ်။ ဒီသစ်ကလည်းပဲ သူက သစ်ထက်ကို အခေါက်က ပိုတန်ကြေးရှိပါတယ်။ ယူးအခေါက်က ကင်ဆာရောဂါအတွက်ကို အင်မတန်ကို တန်ကြေးရှိလို့ တရုတ်ပြည်ကတော့ အင်မတန် အဝယ်လိုက်တဲ့ သစ်မျိုးဖြစ်ပါတယ်။

တရားမဝင်သစ်များ ဖမ်းဆီးရမိပါက ပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်သွားမှာဖြစ်ပြီး သစ်များခိုးထုတ်သယ်ဆောင်တဲ့ ယာဥ်များမှာ တရားမဝင်ဝင်ရောက် သယ်ယူပို့ဆောင်နေခြင်းဖြစ်တဲ့အပြင် အဆိုပါ နယ်စပ်နေရာများမှာ တရားဝင်နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိခြင်း မရှိတဲ့အတွက် နိုင်ငံတော်အနေနဲ့ ယာဥ်/ဝင်ထွက်စာရင်းများ ကောက်ခံခြင်း၊ အခွန်ဘဏ္ဍာကောက်ခံခြင်းများ၊ မရှိကြောင်းကိုလည်းပဲ ထပ်လောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၄) ရက် မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၁၀း၅၈ နာရီအချိန်တွင် ရပ်နားပါသည်။]